# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 5, 2020 | Volume 34, Number 2


**၅.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၃/- ကျပ် |
| CBM Rate | = ၁၃၅၉.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၈.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၄၈.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၃.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၈၅၄ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဂျပန်လက်လီလုပ်ငန်း Aeon က မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်မည့်ငင်းတို့၏ကုန်တိုက်အတွက် ဒေါ်လာသန်း ၁၈၀ ရင်းနှီးမြှုပ်နှံမည်



ဂျပန်လက်လီလုပ်ငန်းအုပ်စု Aeon က မြန်မာနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သော ရန်ကုန်မြို့တွင် စီးပွားဖြစ်အဆောက်အအုံကြီးတစ်ခု တည်ဆောက်လိမ့်မည်ဟု ဩဂုတ်လ ၄ ရက်နေ့ကပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာသန်း ၁၈၀ နှင့်အတူ အရှေ့တောင်အာရှနိုင်ငံ၏ဈေးကွက်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်သည်ဟုဆိုသည်။ Aeon Mall ဈေးဝယ်စင်တာသည် ၇၂၀၀၀ စတုရန်းမီတာ အကျယ်ထား၍ တည်ဆောက်မည်ဖြစ်ပြီး မိနစ် ၃၀ အတွင်း ရန်ကုန်မြို့နှင့် ကားမောင်းသွားနိုင်မည်။ စက်ရုံတည်ဆောက်ခြင်းကို ၂၀၂၁ ပထမနှစ်ဝက်တွင် စတင်ပြုလုပ်သွားမည်ဖြစ်ပြီး၊ ၂၀၂၃ ခုနှစ်တွင်ဖွင့်လှစ်ရန်ရည်ရွယ်ထားသည်ဟုသိရသည်။ ဇူလိုင်လနှောင်းပိုင်းတွင်မြန်မာအစိုးရကခွင့်ပြုခဲ့သည့်ရင်းနှီးမြှုပ်နှံမှုကို Aeon နှင့်ရွှေတောင်အုပ်စုဖြစ်သည့် ဒေသခံလုပ်ငန်းစုကြီးတို့ ဖက်စပ်ပြုလုပ်ကြလိမ့်မည်။ အဆိုပါအကျိုးတူလုပ်ငန်းသည် ၇၀% ကို Aeon Mall မှပိုင်ဆိုင်ပြီး Aeon အုပ်စု၏ ၃၀% နှင့်ရွှေတောင်ကပိုင်ဆိုင်သည်ဟုသိရသည်။ ရွှေတောင်အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်စန္ဒာထွန်းကလည်း လတ်ဆတ်သော၊ ပိုမိုဆန်းသစ်သော လက်လီနှင့်လူနေမှုပုံစံစသော သဘောတရားများကို မြန်မာနိုင်ငံသို့ယူဆောင်လာရန် ရွှေတောင်ကုမ္ပဏီအနေဖြင့် Aeon Mall နှင့် ဤမဟာဗျူဟာမြောက်ဖက်စပ်လုပ်ငန်း၌ ပူးပေါင်းလုပ်ဆောင်ရသည့်အတွက် စိတ်လှုပ်ရှားသည်ဟု ပြောသည်။ ဈေးဝယ်စင်တာသစ်၏တည်နေရာမှာ ဒဂုံဆိပ်ကမ်း၌ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်နှင့်လည်း နီးသည်ဟုသိရသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာအစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအား သတ်မှတ်ထားသည့်အဆင့်ထက်ကျော်လွန်၍ ရင်းနှီးမြှုပ်နှံမှုများ

ပြုလုပ်ရန်လက်လီနှင့်လက်ကားရောင်းဝယ်မှုကဏ္ဍများကို ဝင်ရောက်ခွင့်ပြုသည့် စည်းမျဉ်းဥပဒေပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သည်။ ဂျပန်၏ လက်လီဈေးကွက်တွင် Aeon သည် ဆိုင်အသစ်များဖွင့်လှစ်မည့်အစား လက်ရှိစတိုးဆိုင်များကို ပြန်လည်ပြုပြင်ရန် မဟာဗျူဟာဦးစားပေးကိုပြောင်းလဲလိုက်သည်ဟုဆိုသည်။ ကုမ္ပဏီသည် နိုင်ငံရပ်ခြားတွင် စတိုးဆိုင်အသစ်များတည်ထောင်ခြင်းကိုအရှိန်မြှင့်နေသည်။ ၂၀၂၆ ခုနှစ်ဖေဖော်ဝါရီလအထိ တရုတ်နှင့်အခြားနိုင်ငံများရှိ ဆိုင်ခွဲအရေအတွက်ကို ယခုအခါ ၃၀ မှ ၇၀ သို့တိုးမြှင့်ရန်စီစဉ်ထားသည်ဟုသိရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရသောလူဦးရေ ၃၅၀ ခန့်သည် အိမ်နီးချင်းနိုင်ငံများထက် လွန်စွာ နည်းသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကို အဆုံးသတ်နိုင်ခြင်းမရှိသေးသော်လည်း Aeon Mall ၏ ဥက္ကဋ္ဌ Yasutsugu Iwamura က "ဒီအစီအစဉ်ကို ကျွန်တော်တို့ ပြောင်းလဲမှာမဟုတ်ဘူး"ဟုပြောကြားခဲ့သည်။ ကမ္ဘာ့ဘဏ်၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၀.၅ % ထိ ကျဆင်းသွားသော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်မူ ၇.၂ % ထိ တိုးတက်လိမ့်မည်ဟု ခန့်မှန်းထားသည်။

**Source: Nikkei Asia Review**

https://www.facebook.com/

## တရုတ်သို့ လယ်ယာထွက်ကုန်များ တရားဝင်တင်ပို့ရေး နှစ်နိုင်ငံအစိုးရချင်း ဆွေးနွေးနေ

တရုတ်နိုင်ငံသို့ ပြောင်းနှင့် ငှက်ပျောအပါအဝင် လယ်ယာထွက်ကုန်များ တရားဝင်တင်ပို့နိုင်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောကြားသည်။ မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်သော လယ်ယာထွက်ကုန်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ဝန်ကြီးဌာနအစည်းအဝေးကို တင်ပြပြီးနောက် တရားဝင်လက်မှတ်ရေးထိုးရေး ဆက်လက် ဆောင်ရွက်မည်ဟု ၎င်းကဆိုသည်။ "နှစ်နိုင်ငံရဲ့ ဆက်သွယ်ရေး ဆိုင်ရာကိုလည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးကနေတစ်ဆင့် ညှိနှိုင်း ဆောင်ရွက်နေပါတယ်" ဟု ဒေါက်တာရဲတင့်ထွန်းကပြောသည်။ နှစ်နိုင်ငံပညာရှင်များ အပြန်အလှန် လေ့လာဆန်းစစ်ပြီးနောက် တရားဝင်ကုန်သွယ်ရေးလုပ်ငန်းများကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။

တရုတ်နိုင်ငံသို့ စပါး၊ ပြောင်း၊ ပီလောပီနံ ၊ငှက်ပျော၊ နာနတ်စသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တရားဝင် တင်ပို့နိုင်ရန် လုပ်ဆောင်နေသည်ဟုလည်း ၎င်းကပြောကြားသည်။ တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲကို တရားဝင်ရောင်းချနိုင်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီး တရုတ်အစိုးရက မြန်မာနိုင်ငံမှ ဆန်တင်ပို့နေသည့် ကုမ္ပဏီ ၄၃ ခုကို တရားဝင် အသိအမှတ်ပြုထားသည်။ COVID-19 ကပ်ရောဂါ ဖြစ်နေသော်လည်း မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ပြီးခဲ့သည့် ဘဏ္ဍာနှစ် ၁၀ လ ကာလတူနှင့် နှိုင်းယှဉ်ပါက ဒေါ်လာသန်း ၅၀၀ ကျော် ပိုများသည်။ အထူးသဖြင့် လယ်ယာ ထွက်ကုန်တင်ပို့မှု တိုးတက်ခြင်းဖြစ်သည်။

ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုက ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံကျော်ရရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ သန်း ၅၀၀ ကျော် ပိုများသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန် စုစုပေါင်းတွင် ၂၅ ရာခိုင်နှုန်းကျော် ပါဝင်သည်။ ယခုဘဏ္ဍာနှစ် ပြည်ပသို့ လယ်ယာထွက်ကုန် တင်ပို့မှုတွင် ပြောင်းတင်ပို့မှုက တိုးတက်မှုအ များဆုံးဖြစ်ပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန်တစ်သန်းခန့် ပိုတင်ပို့နိုင်သည်။ ယခုဘဏ္ဍာနှစ် ၁၀ လ အတွင်း ပြောင်းဖူးစေ့တင်ပို့မှုက တန်ချိန်နှစ်သောင်းကျော်ရှိသည်။

**Source:** https://7day.news/detail?id=194570

## အစိုးရသက်တမ်းလေးနှစ်ကျော်အတွင်း ဂျပန်ရင်းနှီးမြှုပ်နှံမှု သုံးဆကျော်မြင့်တက်

လက်ရှိအစိုးရ သက်တမ်းလေးနှစ်ကျော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ဘီလီယံ ကျော် ဝင်ရောက်လာပြီး ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု သုံးဆကျော်မြင့်တက်လာသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာနှစ်ဘီလီယံခန့်ရှိသည်။ ၂၀၁၆



မတ်လကုန်ချိန်တွင် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်သာ ရင်းနှီးမြှုပ်နှံထားပြီး ၂၀၂၀ ဖွန်လကုန်ချိန် တွင် ဂျပန်စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် တိုက်ရိုက် ရင်းနှီးမြှုပ်နှံသည့် ပမာဏဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရှိနေသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် ဂျပန်နိုင်ငံက အဆင့် (၉) တွင်ရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများတွင်ဖော်ပြထားသည်။ သီလဝါအထူးစီးပွားရေး ဇုန်တည်ဆောက် အကောင် အထည်ဖော်ရေး၊ တိုယိုတာ၊ ဆူဇူကီးစသောကားတပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းများအပါအဝင် လက်လီလက်ကား ရောင်းချရေးလုပ်ငန်းများတွင်လည်း ဂျပန်စီးပွားရေးလုပ်ငန်းများ ရောက်ရှိလာသည်။ "ဂျပန်ကလုပ်မယ်ဆိုရင် သေသေချာချာ လေ့လာစစ်ဆေးပြီးမှဝင်လာတာ။ သူတို့ကဝင်လာပြီးရင်လည်း စနစ်တကျနဲ့လုပ်တယ်။ မြန်မာနိုင်ငံရဲ့ အလားအလာကိုလည်း သူတို့ကသိလာတော့ ပိုပြီးလုပ်လာတဲ့သဘောပါ" ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး ကပြောသည်။

မြန်မာနိုင်ငံတွင် ဂျပန်ဘဏ်များနှင့် အာမခံကုမ္ပဏီအချို့ ရောက်ရှိလာခြင်းကလည်း ဂျပန်စီးပွားရေး ထပ်မံတိုးချဲ့ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်လာသည်ဟုၡင်းကဆိုသည်။ ပြီးခဲ့သည့် ရက်ပိုင်းတွင် ဂျပန်ကုမ္ပဏီကြီး သုံးခုနှင့် ပြည်တွင်းမှ ကုမ္ပဏီများပူးပေါင်းပြီး သီလဝါတွင် သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းကို ရင်းနှီးမြှုပ်နှံခွင့်ရရှိခဲ့သည်။ ဒေါ်လာနှစ်ဘီလီယံနီးပါးရှိသော အဆိုပါရင်းနှီးမြှုပ်နှံမှုက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများ ရှိနေသည်ကို ဖော်ပြလိုက်ခြင်းဖြစ်သည်ဟု စီးပွားရေးပညာရှင်အချို့ကသုံးသပ်သည်။

**Source:** https://7day.news/detail?id=194548

## မြန်မာ့ရွှေဈေး တစ်ကျပ်သား ကျပ် ၁,၃၀၉,၀၀၀ အထိ ၂၀၂၀ ပြည့်နှစ်တွင် စံချိန်သစ်တင်မြင့်တက်ခဲ့



မြန်မာ့ရွှေဈေးသည် တစ်ကျပ်သားလျှင် ကျပ် ၁,၃၀၉,၀၀၀ အထိ ၂၀၂၀ ပြည့်နှစ်တွင် စံချိန်သစ်တင်မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ဆင်ဟွာသို့ ဩဂုတ် ၄ ရက်တွင် ပြောကြားခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇူလိုင်လမှစ၍ ဆက်တိုက်မြင့်တက်လျက်ရှိပြီး၊ ဩဂုတ် ၁ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စ ၁,၉၅၂ ဒေါ်လာရှိပြီး၊ မြန်မာ့ရွှေဈေးသည် တစ်ကျပ်သားလျှင် ၁,၂၉၀,၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း၊ ၄ ရက်အတွင်း မြန်မာ့ရွှေဈေးသည်တစ်ကျပ်သားလျှင် ကျပ် ၁၀,၀၀၀ထိ ဈေးတက်ခဲ့ကြောင်းသိရသည်။ ဦးအောင်ဆန်းဝင်းက "ကမ္ဘာ့ရွှေဈေးက ၁၃ နှစ်အတွင်း အမြင့်ဆုံးတက်သွားတယ်။ ဒါကြောင့် မြန်မာ့ရွှေဈေးလည်း လိုက်တက်တာပါ။ မြန်မာ့ရွှေဈေးရော၊ ကမ္ဘာ့ရွှေဈေးရော အခုဈေးနှုန်း တွေ က ၁၃ နှစ်အတွင်း အမြင့်ဆုံးဈေး နှုန်းတွေပါ" ဟုရှင်းပြခဲ့သည်။

မြန်မာ့ရွှေဈေးကွက်တွင် တစ်ကျပ်သားလျှင် ကျပ် ၁,၂၀၀,၀၀၀ တန်းဖြင့်ဝယ်ယူထားသူများအနေဖြင့် ယခုအချိန်တွင် ပြန်လည်ရောင်းချသူများကြောင်း၊ COVID-19 ရောဂါကာလအတွင်း ရွှေဈေးကွက်တွင် အဝယ်ထက် ရွှေပြန်ရောင်း သူပိုမိုများလျက်ရှိကြောင်းသိရသည်။ ရန်ကုန်မြို့၊ ၂၉ လမ်းအောက်ဘလောက်ရှိ ကောင်းစံရွှေဆိုင်ပိုင်ရှင် ဦးမျိုးကျော်ကျော်က "ရွှေဈေးက ဆက်တိုက်တက်နေတယ်။ အဓိကက ကမ္ဘာမှာလည်း ဒေါ်လာဈေးကျပြီး ရွှေဝယ်ယူမှုများတယ်။ ဒါကြောင့် ကမ္ဘာ့ရွှေဈေးက ဆက်တိုက်တက်နေတာ။ ကမ္ဘာ့ရွှေဈေးတက်လို့ မြန်မာ့ရွှေဈေးလည်းလိုက်တက်တာပါ။ မြန်မာ့ရွှေဈေး အတက်အကျက ကမ္ဘာ့ရွှေဈေးပေါ်မှာပဲ မူတည်ပါတယ်။" ဟုဆိုသည်။ ယနေ့ဩဂုတ် ၄ ရက်၊ မွန်းလွဲပိုင်းအထိ ကမ္ဘာ့ရွှေဈေး တစ်အောင်စ ၁,၉၈၀ ဒေါ်လာနှင့် မြန်မာ့ရွှေဈေး တစ်ကျပ်သား ကျပ် ၁,၃၀၉၀,၀၀၀ ပေါက်ဈေး အသီးသီးရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ကျွန်းလှမြို့နယ်၌ မိုးအစေ့ထုတ် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ပြီး စပါး၊ မြေပဲ၊ နှမ်း၊ပဲစင်းငုံ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးကြကြောင်းနှင့် အစေ့ထုတ် ပြောင်းကို မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြရာ ယခုအခါ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ ''မိုးအစေ့ထုတ်ပြောင်းကို မေလကုန်မိုးရွာတာနဲ့ စတင်စိုက်ပျိုးကြပါတယ်။ တစ်ဧကကိုမျိုးတစ်အိတ် စိုက်ပျိုးရပါတယ်။ မျိုးတစ်အိတ်ကို ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ အထိပေးရပါတယ်။ မျိုးဖိုး၊ ထွန်ယက်ခ၊ အလုပ်သမားခ၊ မြေသြဇာဖိုး၊ ပိုးသတ်ဆေးဖိုး၊ သယ်ယူစရိတ် စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျပါတယ်။ အခုနှစ်က တစ်ဧကကို ပြောင်းဆန်တင်း ၇၀ မှ ၈၀ အထိထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၈၀၀၀ ဈေးရရှိပါတယ်။ ပြောင်းရိုးကိုလည်း ကျွဲနွားတွေအတွက် အစာအဖြစ် အသုံးပြုပါတယ်''ဟု ပြောင်းစိုက်တောင်သူ ဒေါ်စီစီကပြောသည်။

ပြောင်းစိုက်ခင်းများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဖောင်မြှောင်တောင်နှင့် အခြားပိုးများ မကျရောက်စေရေးကြိုတင်ကာကွယ်ခြင်း၊ ကင်းထောက်စစ်ဆေးခြင်း၊ Pheromone Trap ဟော်မုန်းထောင်ချောက်များတပ်ဆင်ပြီး ၁၀ ရက်တစ်ကြိမ် ဒေတာမှတ်တမ်းကောက်ယူခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြင့် ကာကွယ်နှိမ်နင်းနည်းများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီ၏ ပြောကြားချက်အရသိရသည်။

**Source:** https://myawady.net.mm/business/item/63144-2020-08-05-10-17-53

## အညာဒေသရှိ စကားဝါ၊ စကားဖြူပင်ကို ရန်ကုန်တိုင်းအတွင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာ

အညာဒေသ ပုပ္ပါးတွင် အများဆုံးတွေ့ရှိနိုင်သည့် စကားဝါ၊ စကားဖြူပင်များကို ရန်ကုန်တိုင်းအတွင်း၌ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လာကြောင်းသိရသည်။ စစိုက်တုန်းကတော့ စီးပွားဖြစ်အနေနဲ့မဟုတ်ဘူး။ မြဝတီဘက်ကနေ တစ်ပင်ရလာတာကို စိုက်ထားတာ။ ပန်းပွင့်လာတဲ့အခါ ဟိုလူ့ပေး ဒီလူ့ပေးနဲ့ပဲ။ ရန်ကုန်မြို့ပေါ်တက်တော့ သန်လျင်ဘက်ကအသည်တွေက တစ်ခက်ကို နှစ်ရာ၊ နှစ်ရာ့ငါးဆယ်နဲ့ အော်ရောင်းနေတာတွေ့တော့မှ “ငါလည်း ရောင်းရင်ရတာပဲ”လို့ စဉ်းစားမိသွားတာ။ တစ်ပင်ကနေပြီး ကျန်တဲ့အပင်တွေကို ကိုင်းကူးစိုက်ပျိုးလိုက်တာပါ။ ဧဝက်လောက် စိုက်ပျိုးထားပါတယ်။ ကော့မှူးဘက်မှာ စီးပွားဖြစ်စိုက်သူတွေလည်းရှိနေပါပြီဟု ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာရှိ စကားပင်စိုက်ပျိုးသူ ဒေါ်သိန်းညွန့် (ခ) ဒေါ်ပုံးကပြောသည်။ အညာဒေသတွင် စကားပွင့်တစ်ပွင့်လျှင် မြန်မာငွေကျပ် (၅)ကျပ်မှ (၁၀)ကျပ်အတွင်းသာ ရရှိနေသော်လည်း ရန်ကုန်တိုင်းဒေသကြီးဈေးကွက်၌မူ လက်ကားဈေး တစ်ပွင့်လျှင် (၄၀) ကျပ်မှ (၆၀) ကျပ်အထိရရှိနေသည်။

အညာမှာတော့ ဈေးအရနည်းတယ်။ ရန်ကုန်ဈေးကွက်မှာကတော့ ကြေးနန်းကြိုးနဲ့တွဲထားတဲ့ တစ်ခိုင် (နှစ်ပွင့်ပါ)ကို ဖောက်သည်ဈေး (၈၀) ကျပ် ထားရောင်းပေးပါတယ်။ တကယ့်ဈေးကောင်းတဲ့အခါဆို ဖောက်သည်ဈေးကို (၁၂၀) ကျပ်၊ (၁၀၀) ကျပ်နဲ့ပေးပါတယ်။ တစ်နေ့ကို အပွင့်ရေ (၂၅၀၀) လောက်ပွင့်တယ်။ အပင်တိုင်းစေ့ အစုံပွင့်တဲ့နေ့၊ လှိုင်တဲ့ရက်ဆို အပွင့်ရေ (၃၀၀၀) ကနေ (၅၀၀၀) လောက်အထိပွင့်တယ်။ အပွင့်ရေ (၂၅၀၀)လောက် ပွင့်တဲ့နေ့ဆို တစ်ရက်ကို ဝင်ငွေ တစ်သိန်းကျော်ဝန်းကျင်ဝင်တယ်ဟု ဒေါ်သိန်းညွန့် (ခ) ဒေါ်ပုံးက ဆက်လက်ပြောသည်။

စကားပင်သည် အနှစ် (၆၀-၇၀) ဝန်းကျင်အထိ သက်တမ်းရှည်သည့် နှစ်ရှည်ပင်အမျိုးအစားတစ်ခုဖြစ်သည်။ ကိုင်းကူးမျိုးကို စိုက်ပျိုးပါက မြေချစိုက်ပျိုးပြီးနောက် တစ်နှစ်အတွင်း အပွင့်ပွင့်နိုင်ပြီး၊ ဧပြီလမှသြဂုတ်လအတွင်း ကာလများသည် စကားပန်းပန်းပွင့်သည့်ကာလများဖြစ်ကြောင်းသိရသည်။

Source: https://greenwaymyanmar.com/posts/growing_yellow_chamka_as_a_bussiness

## ဗဟိုစံပြငါးဈေးကြီး၌ ရေထွက်ကုန်များကို ရေလမ်းကြောင်းမှသာ ကုန်သွယ်ခွင့်ပြုထား၍ ရန်ကုန်ငါးဒိုင်များ အခက်အခဲဖြစ်ပေါ်နေ



COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးသို့ ကုန်းလမ်းမှ ကြီးသို့ ကုန်းလမ်းမှဝင်ရောက်လာသည့် ငါး၊ ပုစွန် ကုန်စည်များကို ပိတ်ပြီး ရေလမ်းကြောင်းမှသာ ကုန်သွယ် ရောင်းဝယ်ခွင့်ပြုထားသဖြင့် ငါး၊ ပုစွန်နှင့် ရေထွက်ကုန် လက်လီလက်ကားဒိုင်ကြီးများ အခက်အခဲ ဖြစ်ပေါ်နေကြောင်း ဗဟိုစံပြငါးဈေးကြီး ငါးဒိုင်လုပ်ငန်းရှင်များထံမှ သိရသည်။ "စံပြငါးဈေးကြီးမှာ အခုကာလအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ညွှန်ကြားချက်အတိုင်း ရေလမ်းက ဝင်ရောက်လာတဲ့ ရေထွက်ကုန်တွေကိုပဲ ရောင်းနေရတယ်။ ကုန်းလမ်းကဝင်လာတဲ့ ငါး၊ ပုစွန်တွေကိုတော့ ရွှေပိတောက်ငါးဈေးမှာသွားရောင်းရတယ်။ အဲဒီအတွက် အဆင်မပြေဘူး။ ကျွန်မတို့ဆိုရင် ရေလမ်း၊ ကုန်းလမ်းနှစ်မျိုးကနေလာတဲ့ ရေထွက်ကုန်တွေကိုလက်ခံတဲ့ ငါးဒိုင်တွေဖြစ်တော့ ရေလမ်းကဝင်တဲ့ငါးတွေကို စံပြငါးဈေးကြီးမှာ၊ ကုန်းလမ်းက ဝင်တဲ့ငါးတွေကို ရွှေပိတောက်ငါးဈေးမှာ နှစ်နေရာခွဲရောင်းရတယ်။ အလုပ်သမားတွေကိုလည်း ဟိုဘက်ဒီဘက်ခွဲပြီး ထားရတော့ အလုပ်သမား နှစ်ဆသုံးရတယ်။ စရိတ်လည်း နှစ်ဆပိုကုန်တယ်။

ကုန်တွေကို တစ်ချိန်တည်းရောင်းရတာဖြစ်လို့ အခက်အခဲတွေဖြစ်တယ်။ တချို့ကုန်သည်တွေဆိုရင် လက်လွှတ်လိုက်ရတာတွေရှိနေတယ်" ဟု အဆိုပါဈေးမှ ငါးဒိုင်လုပ်ငန်းရှင် ဒေါ်အိအိချောကပြောသည်။ ယခုကာလ အတွင်း နေ့စဉ် ရေလမ်းကြောင်းမှ ငါး၊ ပုစွန်စက်လှေတစ်စင်းလျှင် ကုန်ပိဿာချိန် ၈၀၀၀ ခန့်ပါသည့် စက်လှေခြောက် စင်းခန့်သာ ဝင်ရောက်သောကြောင့် ကုန်ပိဿာချိန်လေးသောင်းကျော်သာရှိကြောင်း၊ ယခင်က ဗဟိုစံပြငါးဈေးကြီးသို့ ကုန်းလမ်းမှ နေ့စဉ် ငါး၊ ပုစွန်ကုန်ပိဿာချိန် ငါးသိန်းခန့် ဝင်ရောက်ကြောင်းသိရသည်။ ထိုငါးဈေးကြီး၌ ယခင်က ပျံကျ ဈေးသည်နှင့် အကျိုးဆောင်များမပါ အမာခံသားငါးများ ရောင်းဝယ်ဖောက်ကားဖြန့်ချိနေသော မွေးမြူရေးနှင့် ကန်ငါး ရောင်းချသည့်ဒိုင် ၅၀ ခန့်အပါအဝင် စုစုပေါင်းငါးဒိုင် ၁၄၆ ဒိုင်ရှိပြီး ယင်းဒိုင်များသည် နိုင်ငံတော်ကို တရားဝင် အခွန်ပေးဆောင်၍ ရောင်းချနေသော ဒိုင်များဖြစ်ကြောင်း၊ နေ့စဉ်ကုန်စည်စီးဆင်းမှုအနေဖြင့် ကုန်းလမ်းမှ ရေချိုငါး ကုန်ပိဿာချိန် လေးသိန်းမှငါးသိန်းအထိဝင်ရောက်နေပြီး ရေငန်ငါးများလည်းဝင်ရောက်ကြောင်း၊ နယ်ပို့အနေဖြင့် နေ့စဉ် ကုန်ပိဿာချိန် တစ်သိန်းမှနှစ်သိန်းကြားရှိကြောင်းသိရသည်။

ကုန်းလမ်းမှ ငါး၊ ပုစွန်ဝင်ရောက်မှုကိုထိန်းချုပ်ရန် ဗဟိုစံပြငါးဈေးကြီး ဝင်ပေါက်၊ ထွက်ပေါက်များ၌ စည်ပင်သာယာရေး ကော်မတီမှဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသာယာရေးကော်မတီဝင်များ စုပေါင်းကာ ငါးကား၊ ရေခဲတင်ကားများ ကို ငါး၊ ပုစွန် ကုန်စည်မပါဘဲ အဝင်ခံပြီး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://myawady.net.mm/news/localnews/item/63064-2020-08-03-12-04-47

## သီလဝါမှာ ဂျပန်ကုမ္ပဏီတွေတည်ဆောက်မယ့် ဓာတ်အားစက်ရုံစီမံကိန်း




အိမ်ရှေ့ခန်းအမှောင်ထဲမှာထိုင်နေရင်း ဖျတ်ခနဲလာတဲ့ လျှပ်စစ်မီးရောင်ကြောင့် စိတ်ကျဉ်းကျပ်မှုတွေ လျော့ကျပျောက်ပါးသွားပါတယ်။ လျှပ်စစ်ဓာတ်အားကို အဓိကအားထားပြီး နေ့စဉ်လူမှုဘဝကို ဖြတ်သန်းနေတဲ့ ရန်ကုန်မြို့နေပြည်သူတွေအတွက်ကတော့ လျှပ်စစ်ဓာတ်အား အပြတ်အတောက်မရှိဘဲ ဖူလုံစွာရရှိရေးက အရေးပါနေတဲ့အနေအထားမှာ ရှိပါတယ်။ အရင်ကထက်စာရင် ရန်ကုန်မြို့ဟာ ဓာတ်အားဖြတ်တောက်မှု သိသိသာသာ လျော့ကျသွားတာမို့ အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်မှု

ရရှိနေကြတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိစေဖို့အတွက် ရန်ကုန်မြို့မှာ ဓာတ်အားပေးစက်ရုံသစ်တစ်ခုတည်ဆောက်ဖို့ စီစဉ်နေပြီလို့ သိရပါတယ်။

ဒီလျှပ်စစ်ဓာတ်အား စက်ရုံကတော့ ရန်ကုန်မြို့ဆင်ခြေဖုံးဖြစ်တဲ့ သီလဝါမှာတည်ဆောက်မှာဖြစ်ပြီး ဂျပန်ကုမ္ပဏီတွေ သုံးခုက ပြည်တွင်းက ဧဒင်အုပ်စုနဲ့ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဒီစက်ရုံဟာ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံ အမျိုးအစားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနဲ့ ၂ ဘီလီယံခန့်ကို ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်မြို့နေ ပြည်သူတွေဟာ အိမ်ထောင်စုအသုံးအဆောင် လျှပ်စစ်ပစ္စည်း တွေ တဖြည်းဖြည်းနဲ့ အသုံးပြုမှုများလာတာတွေ၊ ရွှေ့ပြောင်းနေထိုင်ကြတဲ့ လူဦးရေများပြား လာတာတွေ၊ စက်ရုံ၊ အလုပ်ရုံနဲ့ စက်မှုဇုန်တွေတိုးချဲ့လာတာတွေကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်မှုရှိနေဆဲဖြစ်ပါတယ်။ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ဆိုတာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့ စက်ရုံတွေ၊ လေ၊ နေ၊ ရေနဲ့ကျောက်မီးသွေးစတဲ့ အရာတွေကတစ်ဆင့် ထုတ်လုပ်ရယူနိုင်တာမို့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး နည်းလမ်းနဲ့ရယူနိုင်ရေး ကြိုးစားအကောင်အထည်ဖော်နေကြတာဖြစ်ပါတယ်။

အခုတည်ဆောက်ဖို့စီစဉ်နေတဲ့ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံဟာ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၂၅၀ ထုတ်လုပ်ပေးနိုင်တဲ့ အစွမ်းရှိတယ်လို့ဆိုပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော်တည်ဆောက်မယ့် ဂျပန်ကုမ္ပဏီတွေကတော့ Marubeni, Sumitomo Corp နဲ့ Mitsui တို့ပဲဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေက သီလဝါမှာ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး စီစဉ်နေတာဖြစ်ပါတယ်။

ဒီဂျပန်ကုမ္ပဏီသုံးခုက စုပေါင်းရင်းနှီး မြှုပ်နှံမှုပြုလုပ်ကာ တည်ဆောက်အကောင်အထည်ဖော်ရင် လာမယ့် ၂၀၂၅ ခုနှစ်မှာ ဓာတ်အားပေးစက်ရုံ စတင်လည်ပတ်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလည်ပတ်ခဲ့ရင် မြန်မာနိုင်ငံရဲ့ လက်ရှိလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ညီမျှတဲ့ စွမ်းရည်နဲ့စတင်လည်ပတ်နိုင်မှာဖြစ်ပါတယ်လို့သိရပါတယ်။ ဒီဓာတ်အားပေးစက်ရုံလည်ပတ်တဲ့အချိန်မှာ မြန်မာနိုင်ငံရဲ့ ဓာတ်အားလိုအပ်ချက်ရော၊ ရန်ကုန်မြို့ရဲ့ ဓာတ်အားလိုအပ်ချက်တွေကိုပါ အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုကြည့်ရင် တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းကနေပြီး ၂၀ ရာခိုင်နှုန်းအထိ တိုးတက်နေတာမို့ ဒီလိုဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်နေတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းတွေအားလုံးဟာ ငွေကြေးရင်းနှီးမြှုပ်နှံမှုအပြင် နည်းပညာကျွမ်းကျင်သူတွေ၊ ပညာရှင်တွေလည်း လိုအပ်တာမို့ အများအားဖြင့်တော့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုသာ ဒီကဏ္ဍအတွက် မျှော်လင့်အားကိုးနေရတာလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့သာမက ရန်ကုန်မြို့ရဲ့ စက်မှုဇုန်တွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အထူးဇုန်နဲ့ အခြားမြို့ပြ စီမံကိန်းသစ်တွေအပြင် နောက်ထပ်စီမံကိန်းအသစ်တွေအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ပေးနိုင်ဖို့လိုအပ်တာတော့အမှန်ပါပဲ။ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဟာ ပြည်ပကဝင်ရောက်လိုတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အဟန့်အတားဖြစ်စေပါတယ်။ ဒါ့အပြင် ပြည်တွင်းကစီးပွားရေးလုပ်ငန်းတွေ၊ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်စေဖို့ဆိုတာ ငွေကြေးအရင်းအနှီးအပြင် လျှပ်စစ်ဓာတ်အား ပြည့်ဝဖူလုံစွာရရှိရေးကလည်း အဓိကအချက်တစ်ချက်အနေနဲ့ တည်ရှိနေပါတယ်။ ဒါကြောင့် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားတွေ ဖြည့်ဆည်းနိုင်ဖို့ နိုင်ငံတော်နဲ့တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေက ကြိုးစားဆောင်ရွက်နေကြတာဖြစ်ပါတယ်။

အခုတည်ဆောက်ဖို့ အစီအစဉ်ရှိနေတဲ့ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံဟာ လိုအပ်နေတဲ့ ဓာတ်အားဖြည့်ဆည်းဖို့ အရေးပါတဲ့ထောက်ပံ့မှုတစ်ခုဖြစ်ပါတယ်။ LNG စွမ်းအင်ဝယ်လိုအားဟာ အရှေ့တောင်အာရှမှာ ဈေးသက်သာတဲ့ ကျောက်မီးသွေးထက် စွန့်ပစ်ဓာတ်ငွေ့များ ထွက်ရှိမှုနည်းတဲ့ အခြားရွေးချယ်စရာတစ်ခုအဖြစ် ဖွံ့ဖြိုးလာတော့မှာဖြစ်တယ်လို့ နိုင်ငံတကာလျှပ်စစ်စွမ်းအင်ဆိုင်ရာ သုတေသနပညာရှင်တွေက သုံးသပ်ထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ LNG မှ ဓာတ်အားမဂ္ဂါဝပ် ၃၅၀ ထုတ်လုပ်မယ့်စက်ရုံ စီမံကိန်းတစ်ခုကိုလည်း ကျောက်တန်းမြို့နယ်အတွင်းမှာ တည်ဆောက်လျက်ရှိပါတယ်။ ဒီစီမံကိန်းအတွက် လိုအပ်တဲ့ LNG သင်္ဘော ဆိုက်ကပ်မယ့်

ဆိပ်ကမ်း၊ ဓာတ်အားပေးစက် တွေတပ်ဆင်ဖို့ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ၂၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်းတွေသွယ်တန်းတဲ့ လုပ်ငန်းတွေ၊ ဓာတ်အားခွဲတိုးချဲ့ခြင်းစတဲ့လုပ်ငန်းတွေကို အပြီးဆောင်ရွက်နေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အလုံ၊ သာကေတနဲ့ သန်လျင်ဓာတ်အားပေးစက်ရုံတွေသာမကဘဲ ကျွန်းချောင်းကျောက်ဖြူ ဓာတ်အားပေး စက်ရုံ စီမံကိန်း ငါးခုကနေပြီး ဓာတ်အားပမာဏ ၁၀၇၂ ဒသမ ၀၈ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေးကို တင်ဒါအောင် ကုမ္ပဏီတွေက ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အလုံဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် တရုတ်ကုမ္ပဏီတွေက တင်ဒါအောင်ပြီး ဆောင်ရွက်နေတာဖြစ်သလို သန်လျင်ဓာတ်အားပေးစက်ရုံ စီမံကိန်းနဲ့သာကေတ ဓာတ်အားပေးစက်ရုံစီမံကိန်းကလည်း တရုတ် အခြေစိုက်ကုမ္ပဏီတွေက လုပ်ကိုင်နေတာဖြစ်ပါတယ်။

အခုလည်း သီလဝါမှာ သဘာဝဓာတ်ငွေ့ရည်မှ ဓာတ်အားထုတ်လုပ်ရေး စက်ရုံစီမံကိန်း ကို ဂျပန်ကုမ္ပဏီတွေက အကောင် အထည်ဖော်တော့မှာဖြစ်ပါတယ်။ "ဂျပန်ကုမ္ပဏီတွေ မြန်မာနိုင်ငံမှာ ကန်ဒေါ်လာ နှစ်ဘီလီယံတန် LNG ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ဖို့ အနိုင်ရခဲ့ပြီ"လို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက သူ့ရဲ့လူမှုကွန်ရက်တွင် မှတ်ချက်ပြုထားပါတယ်။ ဒီစက်ရုံက ထုတ်လုပ်နိုင်တဲ့ဓာတ်အားဟာ ချူကလီးယား ဓာတ်ပေါင်းဖိုတစ်ခုစာရှိတယ်လို့လည်း ဂျပန်ကုမ္ပဏီတွေကဆိုထားတာမို့ စီမံကိန်းပြီးစီးမယ့် ၂၀၂၅ ခုနှစ်မှာတော့ ရန်ကုန်မြို့ အပါအဝင် စက်မှုလုပ်ငန်းတွေသာမက နိုင်ငံတော်ရဲ့ ဓာတ်အားစနစ်ထဲကို ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်တော့မှာဖြစ်ပါတယ်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## မြန်မာနိုင်ငံတွင် ဆီစားသုံးမှု နှစ်စဉ်မြင့်တက်သည့်အတွက် ဆီတန်ချိန် ခုနစ်သိန်းခန့်ကို ပြည်ပနိုင်ငံများမှတင်သွင်းနေရ

မြန်မာနိုင်ငံတွင် ဆီစားသုံးမှု နှစ်စဉ်မြင့်တက်နေပြီး တစ်နှစ်လျှင် တန်ချိန် ၁၁ သိန်းခန့် အသုံးပြုလေ့ရှိရာ ပြည်တွင်းတွင် တစ်နှစ် တန်ချိန် သုံးသိန်းခွဲခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် လိုအပ်သည့် တန်ချိန် ခုနစ်သိန်းခန့်ကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှသိရသည်။ လက်ရှိတွင် Consention Market ၏ သုံးစွဲမှုမှာတန်ချိန် ငါးသိန်း၊ ခြောက်သိန်းခန့်ရှိပြီး၊ commercial ပိုင်း၊ manufacturing နှင့်Hotel၄ Tourism တို့မှ သုံးစွဲမှုမှာ တန်ချိန်ငါးသိန်းခန့်အထိရှိသောကြောင့် တစ်နှစ်လျှင် တန်ချိန် ၁၁ သိန်းခန့် အသုံးပြုလေ့ရှိကြောင်း၊ ပြည်တွင်းဆီ စားသုံးမှု လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းရာတွင် စားအုန်းဆီကို အင်ဒိုနီးရှားမှ ရာခိုင်နှုန်း၉၀၊ မလေးရှားမှ ၁၀ ရာခိုင်နှုန်းခန့် တင်သွင်းနေပြီး နေကြာဆီကို တူရကီ၊ ရုရှား၊ ယူကရိန်းနိုင်ငံတွေမှတင်သွင်း၍ ပဲပုပ်ဆီအပါအဝင် အခြားသောဈေးကွက် လိုအပ်ချက်ရှိသော ဆီအများအပြားကိုလည်း အထိုက်အလျောက် တင်သွင်းမှုများရှိကြောင်းသိရသည်။

"ဒီရက်ပိုင်းမှာတော့ ဆီဈေးကွက်မှာ ဆီဈေး အနည်းငယ်မြင့်မားလာတာတွေ့ရတယ်၊ ဘာလို့လဲဆိုတော့ COVID ကာလမှာ နိုင်ငံခြားက ဆီဈေးတွေ၊ ရေနံစိမ်းဈေးတွေ ဆင်းသွားတဲ့အခါမှာ စားအုန်းဆီဈေးကလည်းဆင်းသွားတယ်၊ ပြီးတော့မှ နိုင်ငံခြားမှာလည်း ဈေးတန်းလေးကပြန်တက်လာတယ်၊ အဓိက ကတော့ ဆီအုန်းထုတ်လုပ်တဲ့ တိုင်းပြည် နှစ်ခုဖြစ်တဲ့ မလေးရှား၊ အင်ဒိုနီးရှားမှာ ရေကြီးတဲ့အတွက် သူတို့ရဲ့ထုတ်လုပ်မှုက ပုံမှန်အောက်ကို ၁၇ ရာခိုင်နှုန်း လျော့ကျ သွားတယ်၊ ဒီအချိန်မှာ တကယ့်ကို စားသုံးမှုဈေးကွက်ကြီးတဲ့ အိန္ဒိယနဲ့တရုတ်ဈေးကွက်က ဝယ်တဲ့အတွက် နိုင်ငံခြားဆီဈေး ဆိုရင် တစ်တန်ကို ဒေါ်လာ ၆၁၀-၆၂၀ ကနေ ၇၂၀ လောက်အထိကို မြင့်တက်လာတာ တွေ့ရပါတယ်၊ ပြည်တွင်းမှာက တော့ ဒီတစ်လခွဲလောက်အတွင်း မှာ တစ်ပိဿာကို ကျပ် ၁၄၇၀-၁၄၈၀လောက်ကနေ အခု ကျပ် ၁၆၅၀-၁၆၇၀အထိကို သွားနေပါတယ်" ဟု မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးပိုင်ဖြိုးသန့်က ပြောသည်။

ပြည်တွင်းဈေးကွက်အတွင်း စားအုန်းဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ ပဲပုပ်ဆီ၊ ဟင်းရွက်ဆီ၊ နေကြာဆီ၊ သံလွင်ဆီ၊ မုန်ညင်းဆီ အစရှိသော ဆီအမျိုးအစားမျိုးစုံရှိပြီး စားအုန်းဆီမှာ ဝယ်ယူသူအများဆုံးဖြစ်သည့် အခြေအနေမျိုးဖြစ်ရာ ယခုရက်ပိုင်း အတွင်း ဈေးအနည်းငယ်မြင့်တက်လာပြီး ဝယ်လိုအားလျော့နည်းလာကြောင်း ညောင်ပင်လေးဈေးမှ ဆီဆိုင်ပိုင်ရှင်တစ်ဦး ကပြောသည်။ "အခုလို ကိုဗစ်ဖြစ်တဲ့ကာလမှာ အရောင်းက တစ်ဝက်လောက်ကျတယ်၊ အရောင်းသာပါးတယ်၊ ဈေးကတော့

မြင့်တက်နေတယ်၊ စားအုန်းဆီကတက်သွားတယ်၊ တစ်ပိဿာကို ကျပ် ၁၀၀ လောက် ကိုခုန်တက်သွားတယ်၊ ဒီနေ့ဈေး က ကျပ် ၁၇၁၀ လောက်ရှိတယ်၊ အခုလိုဈေးတက်တာက နိုင်ငံခြားငွေဈေးပေါ်မှာလည်းမူတည်တယ်၊ ပဲဆီဈေးက အတက်အကျ မရှိဘူး၊ စားဆီပဲအဓိက ရောင်းရတာများတယ်၊ အန်တီတို့ ဝယ်ရတာတော့ အခက်အခဲမရှိဘူး၊ အရောင်းပါးနေတာ အရောင်းက အရင်နဲ့ယှဉ်ရင် တစ်ဝက်လောက်ကျနေတာ၊ ကိုယ်ဝယ်ရောင်းချင်သလောက် ဝယ်လို့ရပေမယ့် ကိုယ်ပြန်ရောင်း တော့ ဝယ်သူမရှိဘူးဖြစ်တယ်၊ အရင်ကဆိုရင် ဝါတွင်းကာလက ဆွမ်းလောင်းတာ ဘာတွေနဲ့ဆိုတော့ အလှူအတန်း တွေကြောင့် ဝယ်လိုအားတက်ပေမယ့် အခုက လူစုလူဝေးသိပ်မလုပ်ရတော့ အရင်လောက်တော့ ရောင်းကောင်းမယ် မထင်ဘူး"ဟု ၄င်းကပြောသည်။ ပြည်တွင်းတွင် လူတစ်ဦးအနေဖြင့် တစ်လလျှင် ဆီတစ်ပိဿာခန့် ပုံမှန်အသုံးပြုနေပြီး တစ်ရက်ကို သုံးကျပ်သားခန့်စားသုံးကာ စားသုံးမှုမြင့်တက်လာသည်ဟု ထင်ရသော်လည်း အိမ်နီးချင်းနိုင်ငံတွေနှင့် နှိုင်းယှဉ် ပါက နည်းပါးနေသေးကြောင်း အထွေထွေအတွင်းရေးမှူး ဦးပိုင်ဖြိုးသန့်ကထပ်မံပြောသည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=139276&path=LocalNews.aspx

## ထုတ်လုပ်သူဈေးနှုန်းအညွှန်းကိန်း (PPI) ကျဆင်းမှုနှေးကွေးလာခြင်းသည် ဈေးကွက်တိုးတက်မှုအနည်းငယ်ရှိသည့် အလားအလာဖြစ်သည်ဟု ပြောကြားခဲ့ခြင်း

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း၌ စက်မှုလုပ်ငန်းများ ငွေဖောင်းပွမှု တွက်ချက်ရာတွင် အဓိက အညွှန်းကိန်းတစ်ခုဖြစ်သော ထုတ်လုပ်သူဈေးဆနှုန်းကိန်း (PPI) သည် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် (၃) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထုတ်လုပ်သူဈေးဆနှုန်းကိန်း(PPI)သည် ၂၀၂၀ ပြည့်နှစ်၊ မေလထက် အနည်းငယ်မြင့်တက်လာခဲ့ကြောင်း၊ ထိုကဲ့သို့ PPI ကျဆင်းမှုနှေးကွေးလာခြင်းမှာ နိုင်ငံတကာနှင့် ပြည်တွင်းဝယ်လိုအား အနည်းငယ်မြင့်တက်လာခြင်းကို ပြသနေခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ထုတ်လုပ်သူဈေးဆနှုန်း ကိန်းသည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ မှစတင်၍ (၅) လ ဆက်တိုက်ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ၏ ထုတ် လုပ်သူဈေးဆနှုန်းကိန်း ကျဆင်းမှုနှေးကွေးလာခြင်းသည် နိုင်ငံတကာကုန်စည်ဈေးကွက် ပြန်လည်တိုးတက်လာခြင်းနှင့် တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုလုပ်ငန်းများ တည်ငြိမ်စွာပြန်လည်တိုးတက်လာသည်ကို ပြသနေခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် အကြပ်အတည်းများဖြစ်ပေါ်ခဲ့ပြီး ထုတ်လုပ်မှုနှင့်တင်ပို့မှုများအပေါ် ဆိုးရွားစွာထိခိုက်ခံခဲ့ရကြောင်း၊ သို့ရာတွင် PPI ကျဆင်းမှုနှေးကွေးလာခြင်းသည် နိုင်ငံတကာ ဈေးကွက်အတွင်း ဝယ်လိုအား အနည်းငယ်မြင့်တက်လာသည်ကို ပြသနေခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍသည် ပြန်လည်ဖွံ့ဖြိုး တိုးတက်ရန် အစပြုနေပြီဖြစ်သည့်အတွက် အကျိုးရလဒ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန် ပြည်ထောင်စု နှင့် အခြားအဓိကကုန်သွယ်ဖက်နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်အား ထိန်းချုပ်နိုင်ခြင်းမရှိသေးသည့်အတွက် ထုတ်လုပ်သူ ဈေးဆနှုန်းကိန်းသည် ဆက်လက်ကျဆင်းနေမည်ဟု ခန့်မှန်းထားကြောင်း၊ တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်း အညွှန်းကိန်း သည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း၌ ပြီးခဲ့သည့်နှစ်ကာလတူထက် (၂.၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း၌ စားသောက်ကုန်ဈေးနှုန်းများ(၀.၂) ရာခိုင်နှုန်းမြင့်တက်ခဲ့သည့်အတွက် စားသုံးသူဈေးနှုန်းအညွှန်းကိန်းတွင် (၀.၀၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။

**Source:** https://www.globaltimes.cn/content/1193993.shtml

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## တရုတ်နိုင်ငံသည် ပြည်ပနိုင်ငံများသို့ တင်ပို့မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်ကုမ္ပဏီများအပေါ် ကူညီထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဟုကြေညာခဲ့ခြင်း

တရုတ်နိုင်ငံ၊ နိုင်ငံတော်ကောင်စီသည် ပြည်ပသို့တင်ပို့မည့်လုပ်ငန်းများအား ပံ့ပိုးမှုများ ပိုမိုဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တရုတ်နိုင်ငံရှိ လုပ်ငန်းများအနေဖြင့် ပိုမိုကောင်းမွန်သည့်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့်လမ်းညွှန်ချက်များအား (၂၁-၇-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုကဲ့သို့ ထုတ်ပြန်ကြေညာခဲ့ရာတွင် ပြည်ပမှဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအရင်းအနှီးဖြင့် လည်ပတ်နေသည့်လုပ်ငန်းများ၊ ပြည်ပသို့တင်ပို့သည့်လုပ်ငန်းများအပေါ် ကန့်သတ်မှုများ ပိုမိုဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံခြားအရင်းအနှီးဖြင့် လုပ်ကိုင်သည့်လုပ်ငန်းများအနေဖြင့် ပြည်နယ်အဆင့်များ၌ပင် လုပ်ငန်းများမှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့သည့် လုပ်ငန်းများအနေဖြင့် ပြည်တွင်းတွင် ရောင်းချမှုများဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့ပေးသည့်အနေဖြင့် ထုတ်ကုန်မှတ်ပုံတင်သည့် လုပ်ငန်းစဉ်များအား ရိုးရှင်းလွယ်ကူအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအသိအမှတ် ပြုသည့် သက်ဆိုင်ရာလက်မှတ်များ ရရှိထားသည့်လုပ်ငန်းများအနေဖြင့် ပြည်တွင်းသတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီပါက စာရေးသားကတိပြု၍ ပြည်တွင်းဈေးကွက်အတွင်းသို့ တိုက်ရိုက်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ထုံးလုပ်နည်းများ ရိုးရှင်း လွယ်ကူအောင်ဆောင်ရွက်ရာတွင် စားသုံးသူများ လုံခြုံစိတ်ချရမှုနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မော်တော်ကားနှင့်ကလေးကစားစရာများစသည်တို့ပါဝင်သည့် ကုန်ပစ္စည်း (၁၀၃)မျိုး ပါဝင်ခြင်းမရှိဘဲ အဆိုပါကုန်ပစ္စည်းများနှင့်ပတ်သက်၍မူ ပုံမှန်လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၊ အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ခဲ့သည့်စာရင်းဇယားများအရ တရုတ်နိုင်ငံ၏ ပြည်တွင်းလူသုံးကုန်ပစ္စည်းများ လက်လီရောင်းချရမှုသည် ပထမနှစ်ဝက်တာကာလအတွင်း၌ အမေရိကန်ဒေါ်လာ (၂.၄၇) ထရီလီယံသာရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်ကာလတူထက် (၁၁.၄) ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ပြီး online မှ ရောင်းချရမှုသည် တရုတ်ယွမ်ငွေ (၅.၁၅) ထရီလီယံ ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့် နှစ်ကာလတူထက် (၇.၃) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။

**Source:** https://www.globaltimes.cn/content/1195250.shtml

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ အိန္ဒိယနိုင်ငံ၏ သွင်းကုန်အခွန်ကောက်ခံမှုအပေါ် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များဖွဲ့စည်းခြင်း

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာသွင်းကုန်များအပေါ် အိန္ဒိယနိုင်ငံ၏ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံနှင့်တရုတ်တိုင်ပေ (ထိုင်ဝမ်) တို့၏ လျှောက်ထားချက်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သည် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ၂ ခုကို ၂၉.၇.၂၀၂၀ နေ့တွင် ထပ်မံဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

Economic Times သတင်းဌာနမှဖော်ပြချက်အရ မိုဘိုင်းဖုန်းများအပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ထုတ်ကုန်များအား ပြည်ပမှတင်သွင်းရာ၌ အိန္ဒိယအစိုးရက ချမှတ်ထားသည့် အခွန်ကောက်ခံမှုနှုန်းထားများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ၊ တရုတ်တိုင်ပေနှင့် ဥရောပသမဂ္ဂတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားမှု ဖွင့်လှစ်ခဲ့ကြကြောင်း၊ ဂျပန်နိုင်ငံ၏ လျှောက်ထားမှုတွင် အရေးဆိုတင်ပြသည့် အချက် ၃၉ ရပ်ပါရှိပြီး တရုတ်တိုင်ပေနှင့် ဥရောပသမဂ္ဂတို့၏ အမှုစွဲဆိုမှုတွင် အဓိကတိုင်ကြားချက် ၆ ခုစီ ပါဝင်လျက် ရှိကြောင်း ၎င်းတို့က အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တစ်ခုတည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြကြောင်း၊ သို့ရာတွင် တိုင်ကြားသည့်အကြောင်း အချက်အလက်များမှာ ကွဲပြားမှုရှိသဖြင့် အိန္ဒိယ ဘက်မှ ဖြေရှင်းရေးအဖွဲ့တစ်ခုဖြင့် တစ်ပေါင်းတည်းကိုင်တွယ် ဆောင်ရွက်မှုကို ကန့်ကွက်ခဲ့ကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံ၏ တောင်းဆိုချက်မှာ အိန္ဒိယကသဘောတူညီထားမှုမရှိသည့် Information Technology Agreement-II ပါ အချက်များအား လိုက်နာဆောင်ရွက်စေရန် အဓိကမျှော်လင့်ခြင်းသာဖြစ်ကြောင်းနှင့် အိန္ဒိယ၏ အကောက်ခွန်လိုင်းများ ပြန်လည် စံကိုက်ညှိနေရာချထားရာတွင် မှားယွင်းမှုဖြစ်ပေါ်ခဲ့ခြင်းအပေါ် အခွင့်အရေးရယူလိုခြင်းသာဖြစ်ကြောင်း ကိုလည်း တင်ပြခဲ့ကြောင်းသိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ပြည်ပမှ မိုဘိုင်းဖုန်းများနှင့် အခြားသော ICT ပစ္စည်းများတင်သွင်းမှုအပေါ် အကောက်ခွန် ၁၀% ချမှတ်ကောက်ခံခဲ့ပြီး ၎င်းနှစ်တွင်ပင် ထပ်မံ၍ အကောက်ခွန် ၁၅% သို့ တိုးမြှင့်ခဲ့ပါသည်။ ထို့နောက် WTO အဖွဲ့ဝင် နိုင်ငံအများအပြားက ကန့်ကွက်နေသည့်ကြားမှပင် ၎င်းအခွန်အား ထပ်မံ၍ ၂၀% သို့တိုးမြှင့်ခဲ့ရာ အမေရိကန်၊ ဂျပန်၊ ဥရောပသမဂ္ဂ၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်တိုင်ပေ၊ ကနေဒါစသည်နိုင်ငံများက ဝိုင်းဝန်းကန့်ကွက်ခဲ့ကြပြီး ယခုကဲ့သို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားမှု ပေါ်ပေါ်လာရခြင်းဖြစ်ပါ သည်။

သို့ဖြစ်ရာ အိန္ဒိယနိုင်ငံ၏ ICT သွင်းကုန်များအပေါ် ချမှတ်ထားသည့် အကောက်ခွန်နှုန်း ထားများနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ၃ ဖွဲ့ဖြင့် ကြားနာစစ်ဆေးမည်ဖြစ်ပြီး အကယ်၍အိန္ဒိယအနေဖြင့် အမှုရှုံးနိမ့်ခဲ့ပါက နှစ်စဉ် အမေရိကန် ဒေါ်လာ ၁၅.၇ ဘီလီယံခန့် တန်ဖိုးရှိသော အီလက်ထရွန်းနစ်နှင့် ICT ပစ္စည်းများအား အိန္ဒိယသို့ တင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံကသာ အဓိကအကျိုးဖြစ်ထွန်းဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံအခြေစိုက် Economic Times သတင်းဌာနက ရေးသားဖော်ပြထားပါသည်။

**Source: WTO sets up 2 more dispute panels against India's import duties, 29 Jul 2020, Economic Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## အဆင့်မြင့်နည်းပညာအချက်အချာကျသည့်ဒေသအဖြစ်ဆောင်ရွက်မည့် ဒေသတွင်းစီမံချက်အပေါ် ရိုက်ခတ်နေသည့် အခက်အခဲများ

တရုတ်နိုင်ငံတောင်ပိုင်းရှိ မဟာပင်လယ်ကွေ့ဒေသနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရာတွင် မဟာပင်လယ်ကွေ့ဒေသ (Greater Bay Area-GBA) ကို အဆင့်မြင့်နည်းပည အချက်အချာကျသည့်ဒေသအဖြစ်ဆောင်ရွက်မည့် ပေကျင်း၏စီမံချက် နှေးကွေးနေမှုမှာ သုတေသနလုပ်ငန်း များ လုံလောက်စွာ ပြုလုပ်နိုင်ခြင်းမရှိခြင်း၊ GBA ဒေသတွင်ပါဝင်သည့် မြို့ကြီးများအကြား ထူးချွန်ထက်မြက်သည့်ပညာရှင်များနှင့် ငွေသားစီးဆင်းမှုများအတွက် ပူးပေါင်းဆောင်ရွက်မှုများ နည်းပါးခြင်းကြောင့်နှင့် သိပ္ပံနှင့်နည်းပညာ အခြေခံအဆောက်အအုံများမရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတကာတီထွင်ဆန်းသစ်မှုများအား ဆွဲဆောင်မှုများတိုးပွားရန် လိုအပ်လျက်ရှိကြောင်း၊ ဟောင်ကောင်နှင့် မကာအိုဒေသတို့၌ သိပ္ပံနှင့်နည်းပညာသုတေသနဖွံ့ဖြိုး တိုးတက်မှုများမရှိကြောင်း၊ အဆိုပါတွေ့ရှိချက်များကို အမျိုးသားနိုင်ငံရေးအကြံပေးအဖွဲ့ အစည်းအဝေး၌ ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်နှင့် တရုတ်နိုင်ငံပြင်ပရှိ တရုတ်ကော်မတီများ၏အကြီးအကဲနှင့် ကွမ်တုံးပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဖြစ်သူ Mr.Zhu Xiaodan ကတင်ပြခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Matt Ho က" Problem hit regional plans for hi-tech hub" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

တရုတ်လူမျိုးနိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ ဥက္ကဋ္ဌဖြစ်သူ Wang Yang ကလည်း နယ်မြေများအကြား ပူးပေါင်း ဆောင်ရွက်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာဆန်းသစ်တီထွင်မှုဗဟိုဌာနအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်သင့် သည်ဟု ပြောကြားခဲ့ကြောင်း သိရပါသည်။

GBA ဒေသတွင်ပါဝင်သည့် တူညီမှုများရှိသည့် မြို့များအကြား ယှဉ်ပြိုင်မှုများနှင့် အရင်းအမြစ် ကွာဟချက်များကြောင့် အခက်အခဲများဖြစ်စေကြောင်း၊ တီထွင်ဆန်းသစ်မှုနည်းပညာ စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှု များတွင် ကန့်သတ်ချက်များရှိနေကြောင်း၊ နယ်စပ်ဖြတ်ကျော် သုတေသနဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေများမရှိခြင်း၊ ဥပဒေနှင့်နည်းဥပဒေများ သဟဇာတမဖြစ်ခြင်း၊ ကျွမ်းကျင်ပညာရှင်များ၏ အရည်အသွေးကို အပြန်အလှန် အသိအမှတ် မပြုခြင်း၊ အသိဉာဏပစ္စည်းမူပိုင်ခွင့်အကာအကွယ်ပေးရေး အုပ်ချုပ်မှုစနစ်မရှိခြင်းတို့ကြောင့်လည်းဖြစ်ကြောင်း ရေးသား ဖော်ပြထားပါသည်။

ကော်မတီမှထောက်ခံပေးခဲ့သည့် မြို့ကြီးများအနေဖြင့် ၂၀၂၁ ခုနှစ်တွင် အမျိုးသားဥပဒေပြုလွှတ်တော်မှ အတည်ပြု မည့် ပေကျင်း၏ (၅) နှစ်စီမံကိန်းတွင် သိပ္ပံနည်းကျ အခြေခံအဆောက်အအုံ များစီမံချက်တွင် ပါဝင်နိုင်ရန် တောင်းဆိုခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော် ငွေကြေးကဏ္ဍတိုးတက်ရန် ဘဏ်ငွေချေးလုပ်ငန်းနှင့် ပုဂ္ဂလိကရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများကို ဟောင်ကောင် နှင့်ရှန်းကျန့်နယ်စပ်ရှိ Lok Ma Chau Loop-Qianhai ၊ မကာအိုနှင့်ကျူးဟိုင်ဒေသတို့အကြားရှိ ဟန်ကျင်း (Hengqin) နှင့်

ကွမ်ကျိုးရှိ Nansha Huangpu တို့၌ အားပေးဆောင်ရွက်သင့်ကြောင်း၊ အဆိုပါဒေသများ၌ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးရန်ပုံငွေများအတွက် ဖြစ်နိုင်ချေရှိသည့်အခြေအနေများကို အာဏာပိုင်အဖွဲ့များကလည်း လေ့လာဆောင်ရွက်သင့်ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (5.8.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Aug. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,000 | 10,500 | 10,000 | 532 | 5,321,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 3,605 | 13,524,000 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 1 | 8,100 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 11 | 242,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 400 | 1,120,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,850 | -150 | -5.00% | 2,900 | 2,900 | 2,850 | 22 | 63,300 | 19,977,223 | 56,935 |

### Market summary

As of 5th Aug. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.31 | -0.70 | -0.16% | 436.56 | 446.98 | 436.56 | 4,571 | 20,278,400 | 6 | 664,088 |

**Index chart**



# Market Overview

As of 12:30 pm, 5th Aug. 2020

| MYANPIX | 446.98 ▼ 0.03 |
|---|---|
| Total Volume (shares) | 4,551 |
| Total Value (MMK) | 20 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,087 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,900 | ▼ 100 |

TIR